# The Epiphany of the Lord

**1st READING:** ***Isaiah 60:1-6***
ဟေရှာယအနာဂတ္တိကျမ်း    **၆၀း ၁–၆**

သင်ထလော့။ လင်းလော့။ သင်၏အလင်းရောက်လာပြီ။ ထာဝရဘုရား၏ ဘုန်းတော်သည် သင်၏အပေါ်မှာ ပေါ်ထွန်းလျက်ရှိ၏။ ကြည့်ရှုလော့။ မှောက်မိုက်သည် မြေကြီးကို ဖုံးလွှမ်းလိမ့်မည်။ထူထပ်သောမှောင်မိုက်သည် လူများကိုဖုံးလွှမ်းလိမ့်မည်။ သို့သော်လည်း၊ သင်၏အပေါ်မှာ ထာဝရဘုရားသည် ပေါ်ထွန်းတော်မူ၍၊ ဘုန်းတော်သည် သင်၏အပေါ်မှာ ထင်ရှားလျက်ရှိလိမ့်မည်။ တပါးအမျိုးသား တို့သည်သင်၏အလင်းသို့၎င်း၊ ရှင်ဘုရင်တို့သည် သင်၌ ပေါ်ထွန်းမည်အရောင်သို့၎င်း လာကြလိမ့်မည်။ အရပ်ရပ် သို့ မြော်ကြလော့။ ခပ်သိမ်းသောသူတို့သည် စုဝေး၍ သင်ထံသို့လာကြ၏။ သင်၏သားသမီးတို့သည် အဝေးကလာ၍၊ သင်၏အနားမှာ မွေးစားခြင်းကို ခံရကြလိမ့်မည်။ ထိုအခါ သင်သည် ကြောက်ရွံ့ဥန္နခြင်းနှင့် ရွှင်လန်းခြင်းရှိလိမ့်မည်။ နှလုံးတုန်လှုပ်၍ ဝမ်းမြောက်လိမ့်မည်။ အကြောင်းမူကား၊ သမုဒ္ဒရာ၏ ကြွယ်ဝခြင်းသည် သင့်ဘက်သို့ ပြောင်းလဲ၍ တပါးအမျိုးသားတို့၏စည်းစိမ်သည် သင့်လက်သို့ရောက်လိမ့်မည်။ ကုလားအုပ်များနှင့် မိဒျန်ပြည်၊ ဖေါပြည်မှဖြစ်သောကုလားအုပ်မျိုးတို့သည်သင့်ကိုနှံ့ပြားကြလိမ့်မည်။ ရှေဘပြည်သားအပေါင်းတို့သည် လာကြလိမ့်မည်။ ရွှေနှင့်လောဗန်ကိုဆောင်ခဲ့ကြ၊၊ ထာဝရဘုရား၏ဂုဏ်ကျေးဇူးတော်တို့ကိုဝမ်းမြောက်စွာချီးမွမ်းကြလိမ့်မည်။

**Responsorial Psalm Psalm 72: 1-2, 7-8, 10-11, 12-13**

ဆာလံကျမ်း ၇၂း ၁–၂၊ ၇–၈၊ ၁၀–၁၁၊ ၁၂–၁၃

၁–၂။ အိုဘုရားသခင်ဘုရင်မင်းမြတ်အားတရားမျှတမှုကိုလည်းကောင်းဘုရင်မင်းမြတ်၏သားတော်အား
ဖြောင့်မတ်မှန်ကန်မှုကိုလည်းကောင်းပေးတော်မူပါ။သူသည်ကိုယ်တော်၏လူမျိုးတော်ကိုဖြောင့်မတ်မှန်
ကန်ခြင်းကိုလည်းကောင်း၊ ဆင်းရဲသောသူတို့ကိုတရားမျှတမှုဖြင့်လည်းကောင်းစီရင်မှုပြုနိုင်ပါစေ။

၇–၈။ ထိုမင်းကြီး၏လက်ထက်တော်၌ဖြောင့်မတ်မှန်ကန်ခြင်းတရားထွန်းကားပါစေ။လသည်ပပျောက်
ခြင်းသို့ရောက်သည့်တိုင်အောင်ငြိမ်းချမ်းသာယာခြင်းသည်ကျယ်ပြန့်စွာစိုးမိုးပါစေ။ထိုမင်းကြီးသည်
မဟာမြစ်ကြီးမှမြေကြီးစွန်းတိုင်အောင်စိုးမိုးအုပ်ချုပ်နိုင်ပါစေ။

၁၀–၁၁။ တာရှုမင်းတို့နှင့်ကျွန်းများမှဘုရင်တို့သည်မင်းကြီးအားအခွန်ဆက်သကြလိမ့်မည်။ရှေဘမင်းနှင့်
ဆေဘမင်းတို့သည်လည်းလက်ဆောင်ပဏ္ဏာများကိုယူဆောင်လာကြလိမ့်မည်။ထိုမှျမကရှင်ဘုရင်
အပေါင်းတို့သည်မင်းကြီး၏ရှေ့တော်တွင်ပျပ်ဝပ်ကြပါလိမ့်မည်။ခပ်သိမ်းသောလူမျိုးတို့သည်လည်း
ကိုယ်တော်ကိုအစေခံကြလိမ့်မည်။

၁၂–၁၃။ အကြောင်းမူကားမင်းကြီးသည်မိမိအား၊ဟစ်ခေါ်နေကြသည့်ငတ်မွတ်သောသူတို့ကိုလည်း
ကောင်း၊ခိုကိုးရာမဲ့ဆင်းရဲသားတို့အားလည်းကောင်းကယ်ဆယ်တော်မူလိမ့်မည်။မင်းကြီးသညအား
နည်းနုံချာ၊ဆင်းရဲသောသူတို့နှင့်ငတ်မွတ်သောသူတို့ကိုသနားတော်မူလိမ့်မည်။ငတ်မွတ်သောသူတို့၏
အသက်ကိုကယ်တင်တော်မူ၏။

## 2nd READING: Ephesians 3:2-3a, 5-6

ဧဖက်ဆုသြဝါဒစာ ၃း၂–၃ ။ ၅–၆

ဘုရားသခင်သည်မိမိ၏ကျေးဇူးတော်ကြောင့်သင်တို့အကျိုးအတွက်ဤအမှုကိုဆောင်ရွက်ရန်ငါ့အားပေး အပ်ထား တော်မူကြောင်း သင်တို့အမှန်တကယ် ကြားသိခဲ့ကြပြီဖြစ် သည်။ ဘုရားသခင်သည်မိမိ၏ နက်နဲသောအကြံ အစည်တော်ကို ငါ့အား ဖွင့်ပြတော်မူ၏။ ဘုရားသခင်သည်ထိုနက်နဲသော အရာကို ယခင်ခေတ်အခါကလူသားတို့အား ဖွင့်ပြ တော်မမူခဲ့သော်လည်း ယခုအခါ၌ ကိုယ်တော်၏ သန့်စင်မွန် မြတ်သောတမန်တော်များနှင့်ပရောဖက် များအား ဝိညာဉ်တော်အားဖြင့် ဖွင့်ပြတော်မူလေပြီ။ ထိုနက်နဲ သောအရာကား သတင်းကောင်းအားဖြင့် လူမျိုးခြားတို့သည် ဂျူးလူမျိုးများနှင့်အတူ ဘုရား သခင်၏ ကောင်းချီးမင်္ဂလာကို ခံစားကြရ၏။ သူတို့သည် တစ်ခုတည်းသောခန္ဓာတော်၏ အင်္ဂါများဖြစ်ကြ၍ ခရစ်တော်ယေရှုအားဖြင့် ဘုရားသခင် ပေးတော်မူသော ကတိတော်၌ ပါဝင်ခံစားခွင့်ရရှိကြ၏။

## GOSPEL: *Matthew 2:1-12*

ရှင်မာတေဦးဧဝံဂေလိကျမ်း ၂း ၁–၁၂

ဟေရုဒ်မင်းကြီးလက်ထက်ဂျုဒေယပြည်ဘက်သလေဟင်မြို့တွင်ယေရှုဖွားမြင်သောအခါ အရှေ့တိုင်းနိုင်ငံများမှနက္ခတ္တပညာရှင်မင်းကြီးများသည်ဂျေရုဆလင်မြို့သို့ရောက်လာကြ၏ ။သူတို့ကမေးမြန်းကြသည်မှာ ယခုဖွားမြင်တော်မူသော၊ဂျူးလူမျိုးတို့၏ ရှင်ဘုရင်သည်အဘယ်မှာရှိတော်မူသနည်း၊ငါတို့သည်သူ၏ ကြယ်ကိုအရှေ့ပြည်၌မြင်ကြရသည်ဖြစ်၍သူ့ကိုဖူးမျှော်ပူဇော်ရန်ရောက်လာကြခြင်းဖြစ်သည်ဟုဆိုကြ၏ ။ ထိုအကြောင်းကိုကြားလျှင်ဟေရုဒ်မင်းကြီးနှင့်တကွဂျေရုဆလင်တစ်မြို့လုံးသည်တုန်လှုပ်ချောက်ချားခြင်းဖြစ်ကြ၏ ။ဟေရုဒ်မင်းကြီးသည်ရဟန်းအကြီးအကဲများနှင့်လူတို့အထဲမှကျမ်းတတ်ဆရာများကိုစုဝေးစေလျက်ခရစ်တော်သည်မည်သည့်အရပ်တွင်မွေးဖွားခြင်းခံရလိမ့်မည်နည်းဟုမေးမြန်းလေ၏ ။

ထိုသူတို့ကလည်းဂျုဒေယပြည်ဘက်သလေဟင်မြို့တွင်ဖွားမြင်ပါလိမ့်မည်။ပရောဖက်တစ်ပါးရေးထားခဲ့သောကျမ်းတွင်၊အိုဂျုဒေယပြည်ဘက်သလေဟင်မြို့ဂျုဒေယမြို့များအလယ်တွင်သင်သည်မှေးမှိန်သိမ်ငယ်သောမြို့မဟုတ်၊အကြောင်းမူကားငါ၏ အစ္စရေးလ်လူမျိုးကိုအုပ်စိုးမည့်ဘုရင်တစ်ပါးသည်သင်၏ အထဲမှပေါ်ထွန်းလိမ့်မည်ဟုဟောကြားထားခဲ့ကြောင်းဟေရုဒ်မင်းကြီးအားလျှောက်ထားကြ၏ ။

ထိုအခါဟေရုဒ်မင်းကြီးသည်ပညာရှင်မင်းကြီးတို့အားလျှို့ဝှက်စွာခေါ်ပြီးလျှင်ကြယ်ပေါ်ထွန်းသောအချိန်ကာလကိုသေချာစွာမေးမြန်းလေ၏ ။ထို့နောက်သူကသင်တို့သွားကြ၍ထိုသူငယ်ကိုရှာဖွေကြလော့။တွေ့လျှင်ငါသည်လည်းလာ၍သူ့ကိုဖူးမျှော်ပူဇော်နိုင်ရန်ငါ့ထံသို့လာရောက်အကြောင်းကြားကြပါဟုမိန့်မှာလျက်ထိုသူတို့ကိုဘက်သလေဟင်မြို့သို့စေလွှတ်လိုက်လေ၏ ။ထိုသူတို့သည်မင်းကြီး၏ စကားကိုကြားနာပြီးမှထွက်ခွာသွားကြသောအခါအရှေ့တိုင်းနိုင်ငံတွင်သူတို့မြင်ခဲ့ကြသောကြယ်သည်ရုတ်တရက်ပေါ်လာ၍သူတို့ရှေ့မှဦးဆောင်သွားရာသူငယ်တော်ရှိသောအရပ်ပေါ်သို့ရောက်လျှင်ရပ်တန့်နေလေ၏ ။သူတို့သည်လည်းကြယ်ကိုမြင်ကြသောအခါအလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၏ ။

အိမ်ထဲသို့ဝင်ကြလျှင်သူငယ်တော်ကိုသူ၏ မယ်တော်မာရိယာနှင့်အတူတွေ့မြင်ကြသောကြောင့်ပျပ်ဝပ်ရှိခိုးကြလျက်မိမိတို့ဘဏ္ဍာပစ္စည်းတို့ကိုဖွင့်ကြပြီးရွှေ၊လော်ဗန်နှင့်မီးရားတို့ကိုဆက်ကပ်ကြ၏ ။ထို့နောက်ဟေရုဒ်မင်းကြီးထံသို့မပြန်ကြရန်အိပ်မက်၌သတိပေးခြင်းခံရသဖြင့်သူတို့သည်မိမိတို့တိုင်းပြည်သို့အခြားသောလမ်းဖြင့်ပြန်သွားကြ၏ ။